# သာသနာပြုမယ်တော်မာရီးယားသီလရှင်များအသင်းဂိုဏ်း

## နိဒါန်း

သာသနာပြုမယ်တော်မာရီးယားသီလရှင်ဂိုဏ်းကို ပြင်သစ်ပြည်၊ လီယွန်မြို့၌ ယူဖရေစီဘာဘီယာသည် ၁၈၆၁ ခုနှစ်၊ ဒီဇင်ဘာ (၂၅) ရက်တွင် တည်ထောင်သည်။ ယူဖရေစီဘာဘီယာသည် နော်မန်ဒီနယ်၊ ကွန်မြို့လေးတွင် ၁၈၂၉ ခုနှစ်၊ ဧပြီ (၄)ရက်နေ့တွင်ဖွားမြင်ခဲ့ပါသည်။ သူမငယ်စဉ် ကတည်းကပင် ၁၉ ရာစုနှစ် ပြင်သစ်ပြည်၏အခြေအနေမှာ သာသနာပြုလုပ်ငန်း လုပ်ဆောင် ရန် စိတ်အား ထက်သန် တက်ကြွခြင်းလှိုင်းဂယက် အရှိန်အဟုန် ပြင်းထန်နေသောကာလ ဖြစ်နေခဲ့ပါသည်။ ဤအခြေအနေသည် သူမအား ငယ်စဉ်ကတည်းက နိုးကြားလှုံ့ဆော်စေခဲ့သည်။

## အသင်းဂိုဏ်း၏အမည်

အသင်းဂိုဏ်း၏အမည်နာမသည် သာသနာပြုမယ်တော်မာရီးယား သီလရှင်များ၏ ဘဝအသက်တာ နှင့် သာသနာ့လုပ်ငန်းဆောင်တာများအတွက် လေးနက်သောအခြေအမြစ် ဖြစ်သည်။ ယူဖရေစီ၏အဆိုအရ ***သာသနာပြုမယ်တော်မာရီးယား*** အမည်ခေါ်တွင်ခြင်းဖြင့် မယ်တော်၏ထက်သန်သည့်ဆန္ဒဦးတည်ချက် ဖြစ်သည့် "Divine Missions" ကို သာသနာပြုသီလရှင်များသည် အထူးဂုဏ်ပြုလိုကြပါသည်။ "Divine Missions" ၏ဆိုလိုရင်းမှာ သာသနာပြုသီလရှင်များသည် သာမန်မိမိတို့၏ သာသနာ့ အမှုဆောင် ခြင်းများထက် ခမည်းတော်ဘုရားမှ သားတော်နှင့်ဝိညာဉ်တော်မြတ်ကို စေလွှတ်ခြင်းဖြင့် ကယ်တင်ခြင်းနှင့် စင်ကြယ်စေခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။

ယူဖရေစီ၏ စိတ်စေတသိတ်မှ မယ်တော်မာရီးယားအား "Visitation" နှင့် "Pentecost" အမျိုးသမီးတစ်ဦး ကဲ့သို့သိနားလည်ခဲ့သည်။ မာရီးယားသည် ဥသုံပွင့်လင်းခြင်း၊ ဘုရားရှင်၏ သူမ၌ပြုတော်မူသောအမှုများ အပေါ်ခံယူတတ်ခြင်းရှိသူဖြစ်ပါသည်။ "Visitation" အမျိုးသမီး သည် သာသနာ့လုပ်ငန်း၏ အကျိုးသယ်ပိုး ဆောင်ရွက်ရာမှာ မည်သို့သော အတားအဆီးများ ဖြစ်သည့် နေရာအရပ်၊ အသက်၊ ဘာသာ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကိုမဆို ကျော်ဖြတ်နိုင်သူ ဖြစ်သည်။ "သာသနာပြုမယ်တော်မာရီးယား" ၏ရုပ်ပုံလွှာဖြင့် တစ်ဦးစီသောသီလရင်များလည်း တန်းတူပေါင်းစည်းခံစားစေရန်တင်ပြခဲ့သည်။

## Charism (ကျေးဇူးတော်)

လူအများထက် ထူးချွန်သူ ယူဖရေစီသည် အလွန်သတ္တိရှိသော ပြင်သစ်အမျိုးသမီးဖြစ်ပေသည်။ သူမ၏ အတွင်းစိတ် သိရှိနားလည်ခံယူချက်မှာ စကြာဝဠာကမ္ဘာ၌ ယေရှူး၏ လူ့အဖြစ်ယူခြင်း နှင့်ဝိညာဉ်တော်မြတ်၏ တောက်လောင်သော ဘုန်းတန်ခိုးအာနုဘော်တော်အားဖြင့် ဘုရားမြတ်သည်

အံ့သြနက်နဲစွာ တည်ရှိနေ တော်မူခြင်းဖြစ်ပေသည်။ လူသားသတ္တဝါအားလုံးသည် "Divine Missions" ၌ ပါဝင်ဆောင်ရွက်ရန် ခေါ်တော်မူခြင်း ခံယူရရှိသူများဖြစ်ကြောင်းကို သူမသိရှိမှတ်ယူခဲ့သည်။ သူမဖော်ကျူးသော ကျေးဇူး "Charism" မှာဘုရားတရားဘဝနာဆည်းဖြန်းခြင်းဖြင့် သာသနာ့အမှုတော်မြတ်ကို စည်းလုံးညီညွတ်စွာ လုပ်ဆောင်ခြင်းဖြစ်ပြီး ဂိုဏ်းဝင်သီလရှင်များအားလုံးအတွက် ခင်မာသောဝိညာဉ်ရေး သဘောတရား အယူဝါဒများကို အခြေချထားခဲ့သည်။

<u>သာသနာ့လုပ်ငန်း</u>

သာသနာ့လုပ်ဆောင်မှုဟူသမျှသည် ပုဂ္ဂိုလ်သုံးပါးတစ်ဆူဘုရား၏ အမှုတော်မြတ်၌ ပါဝင်နေကြောင်း ယူဖရေစီ သဘောပေါက်နားလည်ခဲ့သည်။ သာသနာနယ်မြေများဖြစ်ကြသောနယူးဇီလန်၊ သြစတြေးလျနှင့်ကျွန်းနိုင်ငံများသို့ သာသနာပြုသီလရှင်များအား စေလွှတ်ခဲ့ပါသည်။ရပ်ဝေးမြေခြားသို့ သီလရှင်များအား စေလွှတ်ခဲ့ခြင်းကိုကျေနပ်နိုင်စွမ်းမရှိသေးဘဲ မိမိကိုယ်တင်ဝေးလံခက်ထန်သော ပင်လယ်ခရီးစဉ်နှင့် သင်္ဘောပျက်ခြင်းအန္တရယ်၊ ဖျားနာခြင်းများအကြား သီလရှင်များထံ အလည်အပတ်သွားရောက်အားပေးခဲ့ သည်။ ၁၈၈၃ ခုနှစ်တွင် ယူဖရေစီသည် အိန္ဒိယပြည်၊ အရှေ့ဘင်္ဂလားဒေ့ရှ်နယ်၊ စစ်တကောင်းမြို့၌ မိဘမဲ့ဂေဟာ နှင့်အမျိုးသမီးငယ်များအတွက် ကျောင်းစဖွင့်လှစ်ခဲ့သည်။ ဒုတိယအကြိမ် အိန္ဒိယနှင့်နယူးဇီလန်သို့ တစ်ဖန်သွားခဲ့ပြန်သည်။ အပြန်ခရီးတွင် စစ်တကောင်းသို့ပြန်လည် လည်ပတ်ခဲ့သည်။ ထိုအချိန်မှစပြီး ဥရောပမှ သာသနာပြုသီလရှင်များကို စေလွှတ်ခြင်းဖြင့် အသစ်သော သာသနာနယ်ပယ်များဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာနှင့် ဗီယက်နမ် များကိုအခြေချ ဖွင့်လှစ်နိုင်ခဲ့သည်။

<u>မြန်မာပြည်၌ RNDM များရောက်ရှိခြင်း</u>

၁၈၈၆ ခုနှစ်၊ နယူးဇီလန်မှအပြန် စစ်တကောင်းတွင်ရောက်စဉ် ဒတ်ကားသာသနာပိုင်ဆရာတော်မှ စစ်တွေမြို့တွင် ကျောင်းဖွင့်ရန်တောင်းဆိုလာသဖြင့် ယူဖရေစီသည်ဖြစ်နိုင်ဖွယ်ရှိကြောင်း တုန့်ပြန်ပြီး ၁၉ နာရီကြာ သင်္ဘောဖြင့် စစ်တွေမြို့သို့ရောက်ရှိလေ့လာခဲ့သည်။

မာသာရ်ယူဖရေစီသည် ၁၈၉၃ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက် နေ့တွင်ကွယ်လွန်ခဲ့ပါသည်။ သူမကွယ်လွန်ပြီး လေးနှစ်အကြာ ၁၈၉၇ ခုနှစ်တွင် မြန်မာပြည်၊ စစ်တွေမြို့၌ပထမဦးစွာ သာသနာပြုမယ်တော်မာရီးယား သီလရှင်များအသင်းဂိုဏ်းကို စတင်အခြေချခဲ့သည်။ထိုအချိန်၌ သီလရှင်များ၏ အဓိကလုပ်ဆောင်ချက်မှာ ကလေးလူငယ်များအား ပညာသင်ကြားပေးခြင်းဖြစ်သည်။ ထို့နောက်မှ ပညာသင်ကြားပေးခြင်းနှင့်အတူ ကျေးလက်ဒေသများတွင် ဘာသာရေးဖွံ့ဖြိုးခိုင်မာစေရန် ပြုစုစောင့်ရှောက်ခြင်းများကို ဘူးသီးတောင်၊ သံတွဲ နှင့်ပြည်မြို့တို့တွင်ပါဝင်ရန် ဆရာတော်များမှ တောင်းခံအကြံပေးခဲ့သည့်အတိုင်း ကျောင်းများဖွင့်လှစ်ခဲ့ သည်။ ဘူးသီးတောင်တွင်မူ ၁၉၀၉ ခုနှစ်တွင် မီးလောင်ကျွမ်းပြီးနောက် ပြန်လည် မဖွင့်လှစ်နိုင်ခဲ့တော့ပေ။

သာသနာပြုများဆက်လက်ရှင်သန်ခြင်း

၁၉၉၆ ခုနှစ်မှစပြီး မြန်မာသာသနာပြုခေါင်းဆောင်များသည် အသင်းတော်ကြီး၌ ဘာသာသာသနာလုပ်ငန်းကို ဘာသာတူများနှင့်အတူပူးပေါင်းကာ တာဝန်ယူထမ်းဆောင်ခဲ့သည်။ မြန်မာပြည်ရှိသာသနာပြုမယ်တော်မာရီးယားဂိုဏ်းတွင်လည်း နိုင်ငံခြားသားများ ထွက်ခွါသွားသောအခါ မာသာရ်အာဂ္ဂနက်စ်သိန်းမြအား ဒေသတာဝန်ခံမာသာရ်ကြီးအဖြစ် ပေးအပ်နှင်းပြီး တာဝန်ယူဆောင်ရွက်စေခဲ့သည်။ သီလရှင် ၁၃ ပါးသည် စီးပွားရေး၊ နိုင်ငံရေးအခက်အခဲများကြားဝယ် အခြားဒေသတိုင်းပြည်များနှင့်ဖြတ်တောက်ခဲ့ပင် သော်ငြားလည်း အားလုံးကိုရဲဝံ့စွာရင်ဆိုင်ခဲ့ကြသည်။ထိုသီလရှင်များ၏ အနစ်နာခံဆက်ကပ်မှုများကြောင့် သာသနာပြုဂိုဏ်းဝင်သီလရှင်များသည် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာသည်ကို ကျေးဇူးဆပ်တင်ကြရမည်ဖြစ် သည်။ ယခုဆို မြန်မာပြည်တွင် တိုင်းရင်းသားသီလရှင်အပါး ၇၂ ပါးနှင့် ကျောင်းပေါင်း ၁၄ ကျောင်း တို့တွင် ပြည်၊ ရန်ကုန်နှင့် မော်လမြိုင်သာသနာတို့၌ သာသနာပြုနေကြပါသည်။ ဂိုဏ်း၏အခြေချ ရုံးလုပ်ငန်းများကို ရန်ကုန်တွင်ထားရှိပါသည်။

အဓိကသာသနာ့အမှုဆောင်ခြင်းမှာ သာသနာနယ်မြေ၌ လူအများနှင့်အတူရှိနေခြင်းနှင့် ပညာပေးခြင်း၊ လူငယ်များအား ပြုစုပျိုးထောင်ပေးခြင်း၊ အမျိုးသမီးများနှင့်ကလေးများအား လုပ်ပိုင်ခွင့်ရရန် အခွင့်အရေး လမ်းညွှန်ပေးခြင်း၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ပညာလိုအပ်နေသည့်ကလေးများကို ဘော်ဒါအဖြစ် ထားရှိခြင်း၊ ကျန်းမာရေးကဏ္ဍတွင် HIV/AIDS ၊ အရေပြားရောဂါသည်များ၊ မူကြိုကျောင်းများ၊ အင်္ဂလိပ်စာကျူရှင်များနှင့်အတူ တစ်ပိုင်တစ်နိုင် ဝင်ငွေရရှိတိုးပွားစေရေးလုပ်ငန်းများဖြစ်သည့် ယက်ကန်း၊ မွေးမြူရေး နှင့် ငွေစုငွေချေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက် အကောင်အထည်ဖော်နေကြပါသည်။ ဘာသာသာသနာရေးကဏ္ဍတွင် ဘုရားစာသင်ကြားပေးခြင်း၊ စက္ကရင်မင်တူးများခံယူရန်ပြင်ဆင်ပေးခြင်း၊ လူငယ်များအား ဝတ်စောင့်ခြင်းနှင့်သင်တန်းများပေးခြင်း၊ ကျေးလက်ဒေသများသို့ လူနာများအားသွားရောက် ကြည့်ရှုအားပေးခြင်းများ လုပ်ဆောင်နေကြပါသည်။

သီလရှင်များအားလုံးသည် မိမိတို့၏ခေါ်တော်မူခြင်းအတိုင်း နေထိုင်လုပ်ဆောင်နိုင်ရန် ပြောင်းလဲနေသော ဤခေတ်သမယ၌ အမြဲတစေ နားထောင်ခြင်းနှင့် ဝေဖန်သုံးသပ်နေကြရမည်ဖြစ်ပါသည်။

ယူဖရေစီ၏ ပုဂ္ဂိုလ်သုံးပါးတစ်ဆူဘုရား၏ အယူဝါဒ၊ ဝိညာဉ်ရေး၊ သူမ၏စွန့်စားခြင်းနှင့် အမျှော်အမြင် ကြီးမားခြင်းများသည် သာသနာပြုဂိုဏ်းဝင်သီလရှင်များအားလုံးအား ဘုရားတရားဘာဝနာဆည်းပူးခြင်း၊ စိတ်အားထက်သန်ခြင်း၊ သာသနာ့အမှုတော်၌ ပါဝင်လုပ်ဆောင်ခြင်းများကို ရင်ဝယ်ပိုက် နှလုံးသွင်းရင်း ဂိုဏ်းတည်ထောင်သူပုဂ္ဂိုလ်ကဲ့သို့ ရေမြေအစွန်းရောက်အောင် လုပ်ဆောင်နိုင်ရန် ယခု ၂၁ ထောင်စုနှစ်တွင် စိန်ခေါ်ခြင်းခံရပါသည်။

RNDM ဂိုဏ်းဝင်သီလရှင်များသည် စိန်ခေါ်ချက်များကိုလက်တွေ့အကောင်အထည်ဖော်ရာ၌ နေရာ၊ ဒေသ၊ အသက်အရွယ်၊ ဘာသာ၊ တိုင်းပြည်မရွေး စွန့်စားခြင်းစိတ်များဖြင့် တစ်ဖန်ပြန်လည် တုန့်ပြန်လိုကြပါသည်။ ယခုခေတ်သမယ၊ တတိယထောင်စုနှစ်တွင် မိမိတို့သည် RNDM Earth Community အဖြစ်သတိရှိစွာနှင့် လူနေမှုအခွင့်အရေးမြင့်မားလာရေး၊ တရားမျှတရေး၊ ကြေအေးခြင်းနှင့်ငြိမ်းချမ်းရေး၊ အမိကမ္ဘာမြေအား လေးစားရှိသေခြင်း၊ လူ့ဂုဏ်သိက္ခာတိုးတက် ဖွံ့ဖြိုးရှင်သန်လာခြင်းနှင့်အတူ လူမှုရေးနှင့်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ရှင်သန်ကောင်းမွန်စေရန်အတွက် ဆက်လက်ကြိုးပမ်း အသက်ရှင်သွားရမည်ဖြစ်သည်။

ယခုမှာ RNDM သီလရှင်အပါးပေါင်း ၁၀၀၀ တို့သည် နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် သာသနာ့အမှုတော်မြတ် ကို ပေးဆက်ဆောင်ရွက်လျှက်ရှိကြပါသည်။